# ဒီဇင်ဘာလ ၂၀၁၆ ခုနှစ်၊ လစဉ်အစီရင်ခံစာ

## လက်ရှိအခြေအနေအကျဉ်းချုပ်

၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလကုန်တွင် မြန်မာနိုင်ငံ တွင်း၌ နိုင်ငံရေးလှုပ်ရှားမှုများကြောင့် ဖမ်းဆီးထိန်းသိမ်းခံထားရသူ ၁၉၄ ဦးရှိသည်။ ထိုထဲမှ နိုင်ငံရေးအကျဉ်းသား စုစုပေါင်း ၈၆ ဦး အကျဉ်းကျခံနေရ ပြီး တက်ကြွလှုပ်ရှားသူ ၄၀ ဦးသည် ထောင်တွင်းမှနေ၍ တရားရင်ဆိုင်နေရ ကာ ၆၈ ဦးသည် ထောင်ပြင်ပမှနေ၍ တရားရင်ဆိုင်နေရသည်။




ဓာတ်ပုံ ဗွီအိုအေ
ဒီဇင်ဘာလ ၂၀၁၆ ခုနှစ်


**Assistance Association for Political Prisoners (Burma)**
နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (မြန်မာနိုင်ငံ)

E-mail: info@aappb.org, info.aappburma@gmail.com Website: www.aappb.org



အေအေပီပီ၏ အင်တာနက်စာမျက်နှာကို ဖတ်ရှုရန်အတွက် ဤနေရာကို နှိပ်ပါ

အေအေပီပီ၏လူမှုကွန်ရက်စာမျက်နှာကို ဖတ်ရှုရန်အတွက် ဤနေရာကို နှိပ်ပါ

အေအေပီပီ၏ တွစ်တာစာမျက်နှာကို ဖတ်ရှုရန်အတွက် ဤနေရာကို နှိပ်ပါ

# မာတိကာ


နိုင်ငံရေးအကျဉ်းသားများ ....................................................3

ဖမ်းဆီးခံရခြင်းများ ....................................................3

တရားစွဲဆိုခံရခြင်းများ ....................................................5

ထိန်းသိမ်းခံရခြင်းများ ....................................................6

ထောင်ဒဏ်ချမှတ်ခံရခြင်းများ ....................................................7

ထောင်တွင်းအခြေအနေများ ....................................................9

ထောင်မှလွတ်မြောက်မှုများ ....................................................11

ဥပဒေပြုရေးနှင့် မူဝါဒရေးဆိုင်ရာ တိုးတက်မှုများ ....................................................13

အဖွဲ့အစည်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ ....................................................14

အရေးပါသည့် ဆက်စပ်သတင်းများဖတ်ရန် Links ....................................................15

# နိုင်ငံရေးအကျဉ်းသားများ

## ▪ ဖမ်းဆီးခံရခြင်းများ

**စစ်တပ်မှ ABSDF အဖွဲ့ဝင်တစ်ဦးအား ဖမ်းဆီး**

ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် စစ်တပ်မှ တနိုင်လုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေးစာချုပ်(NCA)အား လက်မှတ်ရေးထိုးထားသော မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး (ABSDF)၏ ဗဟိုကော်မတီဝင် ကိုမင်းဌေးကို ကချင်ပြည်နယ်၊ မိုးမောက်မြို့နယ်၌ ဖမ်းဆီးခဲ့သည်။ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် ကိုမင်းဌေးသည် ဗန်းမော် -လွယ်ဂျယ်ကားလမ်းပေါ်ရှိ စိန်လွယ်စစ်ဆေးရေးဂိတ်တွင် ဖမ်းဆီးခံခဲ့ရပြီး နှစ်ရက်အကြာတွင် မိုးမောက် မြို့နယ်ရဲစခန်းသို့ လွှဲပြောင်းခြင်းခံခဲ့ရသည်။ ABSDF မှ တနိုင်ငံလုံး ဆိုင်ရာ အပစ်အခတ် ရပ်စဲရေး ပူးတွဲစောင့်ကြည့်ရေးကော်မတီမှတဆင့် မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်နှင့် ကိုမင်းဌေးလွတ်မြောက်ရေးအတွက် ညှိနှိုင်း ဆောင်ရွက်လျက်ရှိသည်။ အာဏာပိုင်များမှ ကိုမင်းဌေးဖမ်းဆီး၊ ထိန်း သိမ်းခံထားရမှုနှင့် ပတ်သက်သောအကြောင်းအရာများကို ထုတ်ဖော်ပြောကြားခြင်းမရှိသေးပါ။
၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်၊ ဗွီအိုအေ/မြန်မာ
၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၉ ရက်၊ ဒီဗွီဘီ/မြန်မာ
၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၉ ရက်၊ မဇ္ဈိမ/မြန်မာ
၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်၊ ဧရာဝတီ
၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်၊ လွတ်လပ်သောအာရှအသံ/မြန်မာ
၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်၊ ဗွီအိုအေ/မြန်မာ

**ရှမ်းပြည်နယ်မြောက်ပိုင်းတွင် ရွာသားများ ဖမ်းဆီးခံရ**

တိုင်းရင်းသား လက်နက်ကိုင် တပ်ဖွဲ့ဝင်များဟု သံသယရှိသည့်အတွက် ဒီဇင်ဘာလ ၁၄ ရက်နေ့တွင် စစ်တပ်မှ ရှမ်းပြည်နယ်မြောက်ပိုင်း၊ လဲ့ဟက် ကျေးရွာမှ ရွာသား ငါးဦးအား ဖမ်းဆီးခဲ့သည်။ ၎င်းတို့ ဖမ်းဆီးခံ ခဲ့ရချိန်က ၎င်းတို့ထံတွင် တူမီးသေနတ်နှင့် ပုံးများတွေ့ရှိခဲ့သည်။ ယခုလက်ရှိတွင် ၎င်းတို့သည် ထိန်းသိမ်းခံထားရဆဲဖြစ်ကာ စစ်ဆေး၊ မေးမြန်းခံနေရသည်။ ၎င်း တို့လွတ်မြောက်ရေးအတွက် ကျေးရွာ အုပ်ချုပ်ရေးမှူးများနှင့် စစ်တပ်ကြား ညှိနှိုင်းမှုများ ပြုလုပ်လျက်ရှိသည်။
၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်၊ BNI/မြန်မာ

**လားရှိုး အထူး စုံစမ်း ၊စစ်ဆေးရေး မှ တအာင်းအရပ်သား လေးဦးအား ဖမ်းဆီး**

ရှမ်းပြည်နယ်၊ လားရှိုးမြို့နယ်ရှိ အထူးစုံစမ်း၊ စစ်ဆေးရေးရဲများမှ လားရှိုးမြို့နယ်ရှိ တည်းခိုခန်းတစ်ခုတွင်းမှ အရပ်သား ၁၇ ဦးအား ဖမ်းဆီးခဲ့သည်။ ဖမ်းဆီး ခံထားရသူများထဲမှ ၁၃ ဦး ပြန်လည်လွတ်မြောက်လာခဲ့သော်လည်း လေးဦးသည် ဆက်လက်ဖမ်းဆီးခံထားရဆဲ ဖြစ်သည်။ ရဲများမှ ထိုအရပ်သားလေးဦးသည် မြောက်ပိုင်း မဟာမိတ်တပ်ဖွဲ့၏ အဖွဲ့ဝင်ဖြစ်သော တအာင်းလွတ်မြောက်ရေး တပ်မတော် (TNLA) နှင့် အဆက်အသွယ်ရှိသောကြောင့် ဆက်လက် ထိန်းသိမ်းထားခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။ စစ်ဆေး၊ မေးမြန်းမှုခံယူရန် အတွက် ထိုအရပ်သားများသည် အချုပ်ထဲတွင် ဆက်လက် ထိန်းသိမ်းခံထားရဆဲဖြစ်သည်။ လားရှိုးမြို့နယ်၊ ရဲချုပ် ဦးအောင်မြတ်မိုးက ထိုအရပ်သား လေးဦး သည် ပလောင်းမှ စစ်သင်တန်းအားတက်ရောက်ခဲ့ကြောင်း ဝန်ခံခဲ့သည်ဟု ပြောကြားခဲ့သည်။ ထို့ပြင် ၎င်းတို့သည် လူသစ်များအဖြစ် စုဆောင်း ခံထားရကြောင်းလည်း ပြောကြားခဲ့သည်။ တအာင်းအမျိုးသမီး အဖွဲ့အစည်းမှ အထူး စုံစမ်း၊စစ်ဆေးရေး ရဲများသည် အရပ်သားများကို ဝန်ခံစေရန် နှိပ်စက်ညှဉ်းပန်း မှု ပြုလုပ်ကောင်း ပြုလုပ်မည်ကို သံသယဖြစ်လျက်ရှိသည်။ ဒီဇ င်ဘာလ ၄ ရက်နေ့တွင် TWO နှင့် အခြား လူမှုအခြေပြု ခေါင်းဆောင် များသည် ရဲစခန်းသို့ သွားရောက်ခဲ့ပြီး ထိန်းသိမ်းခံထားရသူများနှင့် စကားပြောခွင့်တောင်းခံခဲ့သော်လည်း ငြင်းပယ်ခြင်းခံခဲ့ရသည်။
၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၅ ရက်၊ ဧရာဝတီ

**NLD လူငယ်တာဝန်ခံ ကိုငြိမ်းချမ်းကို ဆက်သွယ်ရေး ဥပဒေပုဒ်မ ၆၆(ဃ) ဖြင့် ဖမ်းဆီး**

ဆက်သွယ်ရေးဥပဒေ၊ ပုဒ်မ ၆၆(ဃ) အား ချိုးဖောက်ခြင်းအတွက် ဒီဇင်ဘာလ ၁၅ ရက်နေ့တွင် ပဲခူးတိုင်း၊ လက်ပံတန်းမြို့နယ်၊ အမျိုး သား ဒီမိုကရေစီ အဖွဲ့ချုပ်၊ လူငယ်တာဝန်ခံ ကိုငြိမ်းချမ်းကို လက်ပံတန်းမြို့မရဲစခန်း မှ ဖမ်းဆီးခဲ့သည်။ ဇူလိုင်လတွင်းတွင် လူမှုကွန်ရက်စာမျက်နှာ၌ သူသည် စည် ပင်သာယာရေးကော်မတီ အဖွဲ့ဝင်တစ်ဦးအား အသရေဖျ က်သောဓာတ်ပုံနှင့် စာသားများအား တင်ခဲ့သည်ဟု စွပ်စွဲခံခဲ့ရသည်။ ထို့နောက် ဩဂုတ်လတွင်းတွင် ထိုစည်ပင်သာယာရေး ကော်မတီအဖွဲ့ဝင်မှ သူ့အား အမှုဖွင့်ခဲ့ခြင်းဖြစ်သည်။ ဒီဇင်ဘာလ ၁၅ ရက်နေ့တွင် သူ့အား လက်ပံတန်းမြို့နယ်တရားရုံး၌ ရုံးထုတ်

ခဲ့ပြီး ရမန်ယူခဲ့သည်။ ဒီဇင်ဘာလ ၂၂ ရက်နေ့တွင် သူသည် ရုံးချိန်းတက်ရောက်ရမည်ဖြစ်သည်။

၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၁၅ ရက်၊ အီလဲဗင်း/မြန်မာ
၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၁၆ ရက်၊ ဒီဗွီဘီ/မြန်မာ
၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၁၆ ရက်၊ ဘီဘီစီ/မြန်မာ
၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၁၆ ရက်၊ ဒီဗွီဘီ

## ▪ တရားစွဲဆိုခံရခြင်းများ

**ငဖော လူမှုကွန်ရက်စာမျက်နှာအား သုံးစွဲသူ ဆက်သွယ်ရေး ဥပဒေ ၆၆(ဃ) ဖြင့် စွဲချက်တင်ခံရ**

ဒီဇင်ဘာလ ၁၄ ရက်နေ့တွင် မြောက်ဥက္ကလာပမြို့နယ် တရားရုံးမှ ငဖော လူမှုကွန်ရက် စာမျက်နှာအား သုံးစွဲသူ ကိုဖော်ဖော်ကို ဆက်သွယ်ရေး ဥပဒေ ၆၆ (ဃ) ဖြင့် စွဲချက်တင် အမိန့်ချမှတ်ခဲ့သည်။ ကိုဖော်ဖော်သည် နိုင်ငံတော်အတိုင်ပင် ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား အသရေဖျက်သည့် စာသားများကို လူမှုကွန်ရက်စာမျက်နှာတွင် ရေးသားခဲ့ခြင်းအတွက် အောက်တိုဘာလ ၁၀ ရက်နေ့ကတည်းက ဖမ်းဆီး၊ ထိန်းသိမ်းခံခဲ့ရသည်။ အောက်တိုဘာလ ၇ ရက်နေ့တွင် ကိုနေမျိုးကျော်မှ သူ့အား မြောက်ဥက္ကလာပမြို့နယ် ရဲစခန်းတွင် အမှုဖွင့်ခဲ့သည်။

[၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၁၄ ရက်၊ အီလဲဗင်း/မြန်မာ]

## ▪ ထိန်းသိမ်းခံရခြင်းများ

**ခရိုင်တရားရုံးမှ ဦးမျိုးရန်နောင်သိမ်း၏ အာမခံလျှောက်ထားမှုအား ပယ်ချ**

ဒီဇင်ဘာလ ၂၆ ရက်နေ့တွင် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်၏ ဗဟို သုတေသနအဖွဲ့ အတွင်းရေးမှူး ဦးမျိုးရန်နောင်သိန်း၏ အာမခံလျှောက်ထားမှုအား အနောက်ပိုင်းခရိုင်တရားရုံးက အကြောင်းပြချက် မခိုင်လုံဟုဆိုကာ ပယ်ချခဲ့သည်။ တရားလို ရန်ကုန်တိုင်း စစ်ဌာနချုပ်မှ ဒုဗိုလ်မှူးကြီး လင်းထွန်းက သူ့အား လှိုင်မြို့နယ် ရဲစခန်း၌ အမှုဖွင့်ခဲ့ပြီးနောက် သူသည် ကမာရွတ်မြို့နယ်တရားရုံးတွင် တရားရင်ဆိုင်နေရသည်။ ကိုမျိုးရန်နောင်သိမ်းသည် သူ၏ လူမှုကွန်ရက်စာမျက်နှာတွင် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ဝေဖန်ခဲ့သော စာသားများရေးသားဖော်ပြခဲ့ခြင်းအတွက် နိုဝင်ဘာလ ၃ ရက်နေ့ကတည်းက ဖမ်းဆီး၊ ထိန်းသိမ်းခံခဲ့ရ သည်။

[၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၆ ရက်၊ မဇ္ဈိမ/မြန်မာ]

[၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၆ ရက်၊ အီလဲဗင်း/မြန်မာ]

[၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၇ ရက်၊ အီလဲဗင်း]

[၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်၊ 7 Day Daily/မြန်မာ]

## ▪ ထောင်ဒဏ်ချမှတ်ခံရခြင်းများ

**အသရေဖျက်ခြင်းအတွက် နိုင်ငံ့ဝန်ထမ်းတစ်ဦး ထောင်ဒဏ် ခြောက်လ ချမှတ်ခံရ**

ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် မကွေးတိုင်း ဒေသကြီး၊ စလင်းမြို့နယ်တရားရုံးမှ စလင်းမြို့နယ်၊ စီမံကိန်းဦးစီးဌာန၊ ဒုတိယဦးစီးမှူး ဦးထွန်းမင်းလတ်အား ထောင်ဒဏ် ခြောက်လ ချမှတ်ခဲ့သည်။ ဖွန်လတွင်းတွင် တရားလို ကိုအေး မင်းစိုးမှ သူ့အား ဆက်သွယ်ရေး ဥပဒေ၊ ပုဒ်မ ၆၆(ဃ) ဖြင့် တရားစွဲဆို ခဲ့ခြင်းဖြစ်သည်။ သူသည် လူမှုကွန်ရက်စာမျက်နှာတွင် လူမှုရေး၊ဘာသာရေး မုန်းတီးမှုများ ရေးသားဖြန့်ဝေခြင်း၊ နိုင်ငံတော် အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား အသရေဖျက်ခဲ့ခြင်းတို့အတွက် ပြစ်ဒဏ်ချ မှတ်ခံခဲ့ရခြင်းဖြစ်သည်။ ကိုအေးမင်းစိုးမှ ကိုထွန်းမင်းလတ်သည် နိုင်ငံ့ဝန်ထမ်း ဖြစ်သော်လည်း နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးကို နောက်ယှက် ဟန့်တားစေသည့် အရေးအသား များ ရေးသားသူဖြစ်သောကြောင့် တာဝန်သိ ပြည်သူတစ်ယောက်အနေဖြင့် ပြည်သူ့အကျိုးအတွက် ပြည်သူကို ချစ်၍ ယခုကဲ့သို့တိုင်ကြားရခြင်းဖြစ်သည်ဟု ပြောကြားခဲ့သည်။ ထို့ပြင် ပြည်သူတင်သည့် အစိုးရနှင့် ပြည်သူ့ ဝန်ထမ်းများ တိုင်းပြည် အတွက် တက်ညီလက်ညီ ဆောင်ရွက်စေချင် သည်ဟုလည်း ပြောကြားခဲ့သည်။

[၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်၊ မဇ္ဈိမ/မြန်မာ](#)
[၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်၊ မဇ္ဈိမ](#)

**ပိုင်နက်ကျူးလွန်ခြင်းအတွက်လယ်သမားများ ဒဏ်ငွေချမှတ်ခံရ**

ဒီဇင်ဘာလ ၂၃ ရက်နေ့တွင် တနင်္သာရီတိုင်း၊ ရေဖြူမြို့နယ်တရားရုံးမှ တနင်္သာရီတိုင်း၊ ရေဖြူမြို့နယ်တွင် နေထိုင်သူ လယ်သမားလေးဦးအား ပိုင်နက် ကျူးလွန်ခြင်းအတွက် ရာဇသတ်ကြီးပုဒ်မ ၄၄၇ ဖြင့် ဒဏ်ငွေ ငါးထောင်ကျပ်စီ ပေးဆောင်စေရန် အမိန့်ချမှတ်ခဲ့သည်။ ၁၉၉၂ တွင် တပ်မတော်နှင့် ကရင် အမျိုးသား အစည်းအရုံး (KNU) တို့ကြား တိုက်ပွဲများဖြစ်ပွားခဲ့သည့်အတွက် ၎င်းတို့သည် အိုးအိမ်စွန့်ခွာ ထွက်ပြေးခဲ့ကြရသည်။ နောက်ပိုင်းတွင် ထိုမြေများကို စားအုန်းဆီစိုက်ခင်းများ လုပ်ကိုင်ရန် ကုမ္ပဏီများသို့ချထားပေးခဲ့သည်။ ၂၀၁၆ ခုနှစ် စက်တင်ဘာလတွင် အေးရှားဝေါ ကုမ္ပဏီနှင့် ရွှေပဒုမ္မာကုမ္ပဏီတို့မှ ၎င်းတို့အား စားအုန်းဆီ စိုက်ခင်းများ အတွက် ချထားပေးသောမြေများပေါ်ကို ကျူးကျော်ခြင်းအတွက် တရားစွဲဆို ခဲ့သည်။ ၂၀၁၂ ခုနှစ်တွင် တပ်မတော်နှင့် KNU တို့ကြား အပစ်အခတ်ရပ်စဲရေးစာချုပ်အား လက်မှတ် ရေးထိုးပြီးနောက် သမ္မတဟောင်း ဦးသိန်းစိန်၏ အစိုးရလက်ထက်တွင် ယခင် ကရင် အမျိုးသားရေးရာ ဝန်ကြီးဟောင်း၏ ခွင့်ပြုချက်ဖြင့် ဒေသခံများသည် ထိုမြေများပေါ်တွင် ပြန်လည် နေထိုင်ခဲ့ကြသည်။ ပြစ်ဒဏ်ချမှတ်ခံရသူများထဲမှ တစ်ဦးဖြစ်သူ ကိုစောမျိုးမင်းမှ ၎င်းတို့သည် စစ်ပွဲများဖြစ်ပွားချိန်တွင် ထွက်ပြေးခဲ့ကြရသောကြောင့် ထိုမြေများကို ပိုင်ဆိုင်သည့် အထောက်အထား မည်သို့ပြရမည်နည်းဟု ပြောကြားခဲ့ပြီး ၎င်းတို့၏ ဘိုးဘွား ပိုင်မြေများပေါ်တွင် လုပ်ကိုင်ချင်သည်ဟုလည်း ပြောကြားခဲ့သည်။

[၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၃ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ](#)

**အမျိုးသားလေးဦး ထောင်ဒဏ် တစ်သက်တစ်ကျွန်း ချမှတ်ခံရ**

ဒီဇင်ဘာလ ၂၂ ရက်နေ့တွင် မန္တလေးခရိုင် တရားရုံးမှ အမျိုးသားလေးဦးအား နိုင်ငံတော်ကို ပုန်ကန်ရန် ကြံစည်မှု၊ ရာဇသတ်ကြီး ပုဒ်မ ၁၂၂ ဖြင့် ထောင်ဒဏ် တစ်သက်တစ်ကျွန်း ကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။ ၂၀၁၄ ခုနှစ်တွင် မန္တလေးမြို့မှ ကိုဇော်မင်းထွေး၊ ဗန်းမော်မြို့မှ ကိုမြင့်သိန်းနှင့် ကိုရောမန်း၊ မိုးညှင်းမြို့မှ ကိုခင်မောင်ရွှေတို့သည် ထိုပုဒ်မဖြင့် တရားစွဲဆိုခံခဲ့ရသည်။ ၎င်းတို့သည် ကချင် လွတ်မြောက်ရေး တပ်မတော် (KIA) နှင့် ဆက်သွယ်ကာ အစွလာမ်တပ်မတော် ထူထောင်ရန် ကြိုးပမ်းသည်ဟူသော စွပ်စွဲချက်ဖြင့် မတရားအသင်း အက်ဥပဒေ ပုဒ်မ ၁၇(၁)၊ ရာဇသတ်ကြီး ပုဒ်မ ၅၀၅(ခ)၊ အရေးပေါ်စီမံချက်အက်ဥပဒေ ပုဒ်မ ၅ တို့ဖြင့် တရားစွဲဆိုခံခဲ့ရသည်။ နိုဝင်ဘာလ ၂၉ ရက်နေ့တွင် အမရပူရမြို့နယ်တရားရုံးမှ ၎င်းတို့ အား ရာဇသတ်ကြီး ပုဒ်မ ၅၀၅(ခ) ဖြင့် ထောင်ဒဏ် ငါးနှစ်၊ မတရားအသင်း အက်ဥပဒေပုဒ်မ ၁၇(၁) ဖြင့် ထောင်ဒဏ် သုံးနှစ်၊ အရေးပေါ် စီမံချက် အက်ဥပဒေ ပုဒ်မ ၅ ဖြင့် ထောင်ဒဏ် နှစ်နှစ် ကျခံစေရန် အမိန့်ချမှတ်ခဲ့သော်လည်း ပြစ်ဒဏ်များကို တပေါင်းတည်း ကျခံစေ၍ ၎င်းတို့သည် စုစုပေါင်း ထောင်ဒဏ် ငါးနှစ်သာ ကျခံရမည်ဖြစ်သည်။ ပြစ်ဒဏ်ချမှတ်ခံထားရသူများထဲမှ တစ်ဦးဖြစ်သူ ကိုဇော်မင်းထွေးမှ ၎င်းတို့သည် KIA နှင့် ဆက်သွယ်ခြင်းမရှိပါဟု ပြောကြားခဲ့သည်။

[၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်၊ ဘီဘီစီ/မြန်မာ](#)

[၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၂ ရက်၊ ဘီဘီစီ/မြန်မာ](#)

[၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၂ ရက်၊ The Voice/မြန်မာ](#)

[၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၂ ရက်၊ သစ်ထူးလွင်/မြန်မာ](#)

**လယ်ယာမြေအငြင်းပွားမှုအတွက် လယ်သမား ၇၂ ဦး ထောင်ဒဏ် ချမှတ်ခံရ**

ဒီဇင်ဘာလ ၂၂ ရက်နေ့တွင် တောင်ကြီးမြို့နယ် တရားရုံးမှ ရှမ်းပြည်နယ်တောင်ပိုင်း၊ တောင်ကြီးမြို့နယ် တွင် နေထိုင်သူ အမျိုးသမီး ၃၂ ဦးနှင့် အမျိုးသား ၄၀ ဦးတို့အား အလုပ်ကြမ်းနှင့် ထောင်ဒဏ် တစ်လစီကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။ ထိုတောင်သူများအား အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်မှ ပိုင်နက်ကျူးလွန်မှုဖြင့် တရားစွဲဆိုခဲ့ခြင်းဖြစ်သည်။ စစ်တပ်မှ သိမ်းဆည်းထားသော လယ်ယာမြေ များပေါ်တွင် ဆက်လက်၍ ကျူးကျော်ထွန်ယက်ခြင်းအတွက် ထိုဒေသခံ လယ်သမားများသည် ပိုင်နက်ကျူးလွန်မှု၊ ရာဇသတ်ကြီးပုဒ်မ ၄၄၇၊ အကျိုးဖျက်ဆီးမှု၊ ရာဇသတ်ကြီးပုဒ်မ ၄၂၇ တို့ဖြင့် ပြစ်ဒဏ် ချမှတ်ခံခဲ့ရခြင်းဖြစ်သည်။ အသက် ၇၀ နှစ်နှင့်အထက် တောင်သူ ငါးဦးနှင့် အသက် ၁၇ နှစ်အောက် တောင်သူတစ်ဦးတို့ကိုမူ ဒဏ်ငွေ ပေးဆောင်စေခဲ့သည်။ ထို့ကြောင့် ထိုတောင်သူ ခြောက်ဦးသည် ပြစ်ဒဏ်ချမှတ်သည့်နေ့တွင် ဒဏ်ငွေများ ပေးဆောင်ပြီးနောက် ပြန်လည်လွတ်မြောက်လာခဲ့သည်။ ၎င်းတို့၏ လယ်ယာမြေအငြင်းပွားမှုသည် စစ်တပ်နှင့် ဆက်နွယ်သည့် အခြား ရာပေါင်းများစွာသော လယ်ယာမြေသိမ်းဆည်းမှုများထဲတွင် တစ်ခုအပါအဝင်ဖြစ်သည်။

အဆိုပါ လယ်သမားများ၏ အမှုကို ကူညီပေးနေသည့် Peace and Justice Legal Aid အဖွဲ့မှ တရား လွှတ်တော် ရှေ့နေ ဒေါ်ခင်မိုးမိုးက ၎င်းတို့အနေဖြင့် တောင်ကြီးခရိုင်တရားရုံးတွင် အယူခံဝင်တော့မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ထို့ပြင် မြန်မာနိုင်ငံတွင် တရားသူကြီးမှ များ စွာသော လယ်သမားများကို ဆန့်ကျင်၍ ပြစ်ဒဏ် ချမှတ်ဖူးခြင်း မရှိပါဟု ပြောကြားခဲ့သည်၊ ထို့ပြင် လယ်သမားများကို ရာဇဝတ်မှု ကျူးလွန်သူများကဲ့သို့ ထောင်ဒဏ် ချမှတ်နေမည့်အစား NLD မှ ဖွဲ့စည်းထားသော သိမ်းဆည်းခံ လယ်ယာမြေများ ပြန်လည် သုံးသပ်ရေး ဗဟိုကော်မတီမှ ထိုအမှုအား ပြန် လည် သုံးသပ်သင့်သည်ဟု ပြောကြားခဲ့သည်။ လယ်သမားအရေး လှုပ်ရှားသူ ကိုဇော်ရုံမှ NLD အစိုးရလက်ထက်တွင် အခြေအနေများ ပိုမို ကောင်းမွန်လာခြင်းမရှိပါဟု ပြောကြားခဲ့သည်။ ထို့ပြင် လယ်သမားများထံမှ လယ်ယာမြေများ သိမ်းယူခဲ့သော ပုဂ္ဂိုလ်များ တရား ရင်ဆိုင်ရခြင်းကို မည်သည့်အခါမျှ မကြားဖူးပါဟု ပြောကြားခဲ့သည်။ ထိုအစား စစ်တပ်သည် လယ်သမားများကို ပို၍ တရားစွဲဆိုသည်ကိုသာ ကြားဖူးပါသည်ဟု ပြောကြားခဲ့သည်။

၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၂ ရက်၊ ဒီဗွီဘီ/မြန်မာ
၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၂ ရက်၊ The Voice/မြန်မာ
၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၂ ရက်၊ 7 Day Daily/မြန်မာ
၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၂ ရက်၊ အီလဲဗင်း/မြန်မာ
၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၂ ရက်၊ သစ်ထူးလွင်/မြန်မာ
၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၂ ရက်၊ ဗွီအိုအေ/မြန်မာ
၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၃ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၃ ရက်၊ ဧရာဝတီ/မြန်မာ
၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၃ ရက်၊ ဧရာဝတီ
၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၃ ရက်၊ ဒီဗွီဘီ
၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၃ ရက်၊ အီလဲဗင်း

**ရက္ခိုင့်တပ်မတော် အဖွဲ့ဝင်တစ်ဦး ပြစ်ဒဏ် ငါးနှစ် ချမှတ်ခံရ**

ရက္ခိုင့်တပ်မတော် (AA) နှင့် ဆက်နွယ်ခြင်းအတွက် ဒီဇင်ဘာလ ၂၁ ရက်နေ့တွင် ရခိုင်ပြည်နယ်၊ ရသေ့တောင်မြို့နယ် တရားရုံးမှ ကိုထွန်းထွန်းနိုင်အား မတရားအသင်းအက်ဥပဒေ ၁၇(၁) ဖြင့် ထောင်ဒဏ် ငါးနှစ် ပြစ်ဒဏ်ချမှတ်ခဲ့သည်။ စက်တင်ဘာလတွင်းတွင် စစ်တပ်မှ သူ့အား ဖမ်းဆီးခဲ့ပြီး အမှတ် (၁) စစ်တွေရဲစခန်းသို့ မလွှဲပြောင်းမီ ရိုက်နှက် စစ်ဆေးခဲ့သည်။ သူ့အား အမှတ်(၁) စစ်တွေ ရဲစခန်း၌ အမှုဖွင့်ခဲ့ခြင်းဖြစ်သည်။
၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၂ ရက်၊ သစ်ထူးလွင်/မြန်မာ

## ▪ ထောင်တွင်းအခြေအနေများ

**အီလဲဗင်း မီဒီယာဂရု ၏ အမှုဆောင် အရာရှိချုပ်နှင် အယ် ဒီတာ ချုပ်တို့ အာမခံ ငြင်းပယ်ခံရ**

နိုဝင်ဘာလတွင်းတွင် အီလဲဗင်း မီဒီယာဂရု၏ အမှုဆောင် အရာရှိချုပ် ဦးသန်းထွဋ်အောင်နှင့် အယ်ဒီတာချုပ် ကိုဝေဖြိုးတို့ သည် ဆက်သွယ်ရေး ဥပဒေ ၆၆(ဃ) ဖြင့် တရားစွဲဆိုခံခဲ့ရပြီး နောက် နိုဝင်ဘာလ ၃၀ ရက်နေ့တွင် ၎င်းတို့သည် ထပ်မံ၍ အာမခံ ငြင်းပ ယ်ခြင်းခံခဲ့ရသည်။ ဦးသန်းထွဋ်အောင်သည် ပြင်း ထန်သော နှလုံးရောဂါခံစားနေရခြင်းအတွက် အာခံ လျှောက် ထားခဲ့ခြင်းဖြစ်သည်။ နိုဝင်ဘာလ ၂၉ ရက်နေ့တွင် ဦးသန်း ထွဋ်အောင်သည် ထောင်တွင်း၌ နှလုံးရောဂါဖောက်ခဲ့သော် လည်း ကျန်းမာရေးစောင့်ရှောက်မှု အချိ န်မီမရမရှိခဲ့ပါ။ သို့သော် လည်း ယခုလက်ရှိတွင် သူသည် ထောင်ဆေးရုံ၌ တက် ရောက်၍ ဆေးကုသမှု ခံယူလျက်ရှိသည်။ ဦးသန်းထွဋ်အောင်၏ ကျန်းမာရေးနှင့် ပတ်သက်၍ ဆေးထောက်ခံ စာ တင်သွင်းခဲ့ သော်လည်း ၎င်းတို့နှစ်ဦးလုံးသည် ထပ်မံ၍ အာမခံ ငြင်းပယ် ခြင်းခံခဲ့ရသည်။ ထို့ကြောင့် ၎င်းတို့သည် အင်းစိန်ထောင်တွင် ဆက်လက် ထိ န်းသိမ်းခံ ထားရကာ အသရေဖျက်ခြင်းအတွက် ထောင်တွင်းမှနေ၍ တရားရင်ဆိုင်ရလျက်ရှိသည်။ ဦး သန်းထွဋ် အောင်၏ ဆေးထောက်ခံစာ သည် ပုဂ္ဂလိက ဆေးရုံမှဖြစ်ပြီး အစိုးရဆေးရုံမှ ထောက်ခံ စာ မဟုတ်သောကြောင့် သက်သေ အဖြစ် တင်သွင်းရန် ပြည့်မီခြင်းမရှိ၍ တရားသူကြီးမှ အာမခံ ပယ်ချခဲ့ခြင်းဖြစ်သည်။ ၎င်းတို့နှစ်ဦးလုံး၏ ဥပဒေအကျိုးဆောင် အဖွဲ့မှ မီဒီယာသမားများသည် လူသတ်မှုကျူးလွန်သူများ၊ အဓမ္မကျင့်သူများမဟုတ်ပါဟု ဝေဖန်ပြောကြားခဲ့သည်။ ထို့ပြင် ဆက်သွယ်ရေး ဥပဒေ ၆၆(ဃ) ဖြင့် အရေးယူခြင်းသည် လုံးဝ မှားယွင်းနေခြင်းဖြစ်သည်၊ ၎င်းတို့နှစ်ဦးလုံးအား မီဒီယာဥပဒေ ဖြင့် တရားစွဲဆိုသင့်သည်၊ မီဒီယာသမားများအား ခြိမ်းခြောက်ရန် ဦးဆောင်မှုပိုင်းတွင်ရှိသူက ထိုဥပဒေကို အလွဲသုံးစားပြုနေ သည်ကို ထင်ရှားစွာမြင်ရသည်ဟု ပြောကြားခဲ့သည်။

ဦးသန်းထွဋ်အောင်၏ ဥပဒေအကျိုးဆောင်အဖွဲ့မှ ဦးသန်း ထွဋ်အောင်၏ ကျန်းမာရေး အခြေအနေ စိုးရိမ်ရခြင်းအတွက် ဆက်လက်၍ အယူခံဝင်သွားမည်ဖြစ်ပြီး ဒီဇင်ဘာလ ၉ ရက်နေ့တွင် တရားလွှတ်တော်သို့ အယူခံ ထပ်မံတင်ခဲ့သည်။ ဒီဇင်ဘာလ ၉ ရက်နေ့ ရုံးချိန်းမတိုင်မီ ဦးသန်းထွဋ်အောင်သည် အင်းစိန်အကျဉ်းထောင်တွင်း ချော်လဲကျသောကြောင့် ခါးရိုးနာ ဒဏ်ရာရရှိခဲ့သည်။ ထို့ကြောင့် ဒီဇင်ဘာလ ၉ ရက်နေ့ ရုံးချိန်း တွင် သူ့အား အင်းစိန် အကျဉ်းထောင်မှ ရဲလူနာတင်ယာဉ်ဖြင့် ခေါ်ဆောင်ခဲ့ရပြီး ထမ်းစင်ဖြင့် တရားခွင်သို့ သ ယ်ဆောင် စစ်ဆေးခဲ့ရသည်။ တရားသူကြီးမှ နောက်ရုံးချိန်းတွင် ထောင် ဆရာဝန်အား စစ်ဆေးရန် ဆင့်ခေါ်ထားခဲ့သည်။ သို့သော်လည်း ဒီဇင်ဘာလ ၁၅ ရက်နေ့ ရုံးချိန်းတွင် အကျဉ်းထောင် ဆရာဝန် သည် လာရောက်ခြင်းမရှိခဲ့ပါ။ အကျဉ်းထောင်ဆရာဝန်မှ ထောင် ဆေးရုံတွင် လူနာများနေသည့်အတွက် သက်သေကင်းလွတ် ခွင့်ပေးရန် တာမွေမြို့နယ် တရားသူကြီးထံသို့ လျှောက် ထားခဲ့ သည်။ တရားရုံးမှ ဦးသန်း ထွဋ်အောင်၏ ကျန်းမာရေးအခြ အနေ အား သိရှိရန်အတွ က် တရားရုံးနှင့် နှစ်ဖက်ရှေ့နေများမှ ထောင် ဆရာဝန်ထံ စာပေးပို့မေးမြန်းရန် ဆုံးဖြတ်ခဲ့သည်။ ထို့ပြင် တရားသူကြီးမှ ပုဂ္ဂလိကဆေးရုံမှ တင်သွင်းခဲ့သော ဆေး မှတ်တမ်းများအား လက်ခံရန် ဆက်လက် ငြင်းပယ်ခဲ့ပြီး ဒီဇင်ဘာလ ၂၂ ရက်နေ့တွင် ရုံးချိန်း ထပ်မံ ချိန်းဆိုခဲ့သည်။ အယ်ဒီတာချုပ် ကိုဝေ ဝဖြိုးသည် ထိန်းသိမ်းခံထားရဆဲဖြစ်ပြီး ထောင်တွင်းမှနေ၍ တရားရင်ဆိုင်လျက်ရှိသည်။

ဒီဇင်ဘာလ ၂၂ ရက်နေ့ရုံးချိန်းတွင် အင်းစိန် ထောင်ဆေးရုံ ဆရာဝန်၏ ဦးသန်းထွဋ်အောင် ကျန်းမာရေးနှင့် ပတ်သက်သော အစီရင်ခံစာအား တရားသူကြီးမှ ဖတ်ကြားခဲ့ပြီးနောက် မည် သည့် ကျေနပ်ဖွယ်ကောင်းသည့် ရှင်းပြမှုမျိုးမှမရှိပဲ အယူခံ အား ထပ်မံ၍ ပယ်ချခဲ့သည်။ တရားသူကြီးမှ ဒီဇင်ဘာလ ၃၀ ရက်နေ့တွင် ရုံးချိန်းတက်ရောက်ရန် ချိန်းဆို ခဲ့ပြီး ထိုနေ့တွင် တရားလိုအား မေးမြန်းမည်ဖြစ်သည်။ ဒီဇင်ဘာ လ ၂၇ ရက်နေ့ တွင် အီလဲဗင်း မီဒီယာဂရုမှ ၎င်းတို့၏ အရေးအသားများ အတွက် ကြေငြာချက်တစ်စောင် ထု တ်ပြန်၍ တောင်းပန်ခဲ့ပြီး အီလဲဗင်း မီဒီယာဂရုမှ အမှုဆောင် အရာရှိချုပ်နှင့် တာဝန်ရှိသူ များမှ ရန်ကုန်တိုင်း ဝန်ကြီးချုပ်နှင့် အစိုးရအား မမှန်ကန်သော၊ အခြေအမြစ်မရှိသော သတင်းကို အခြေခံ၍ ရေးသားခဲ့သည့် ထိုဆောင်းပါးကြောင့် ၎င်းတို့၏ ပုံရိပ်ကို ထိခိုက်စေခဲ့ခြင်း အတွက် ေ တာင်းပန်ကြောင်း ထုတ်ပြန် ခဲ့သည်။ ဦးသန်းထွဋ် အောင်သည် ထပ်မံ၍ နှလုံးရောဂါဖောက်ခဲ့ေ သာ်လည်း ဒီဇင်ဘာ လ ၃၀ ရက်နေ့ရုံးချိန်းတွင် အယူခံ ထပ်မံ ၍ ပယ်ချခြင်းခံခဲ့ရ သည်။ သူ၏ ရှေ့နေဖြစ်သူက အင်းစိန်ထောင်မှ တရားရုံးသို့ သွားသည့်လမ်းတွင် ဦးသန်းထွဋ်အောင်သည် နှလုံးရောဂါ ဖောက်ခဲ့သည်ဟု ပြောကြားခဲ့သည်။ ထို့ပြင် ဦးသန်းထွဋ်အောင် သည် တရားခွင်တွင် ထိုင်နိုင်ခြင်းမရှိပဲ ခုံတန်းရှည်ပေါ်တွင် လှဲလျောင်းနေခဲ့ရသည်ဟုလည်း ပြောကြား ခဲ့သည်။ ဦးသန်းထွဋ် အောင်မှ မြောက်ဥက္ကလာပဆေးရုံရှိ သူ၏ ဆရာဝန်နှင့် တွေ့ဆုံ ခွင့်တောင်းခံခဲ့သော်လည်း ငြင်းပယ် ခြ င်းခံခဲ့ရသည်။ တရားလိုမှ အစည်းအဝေးတက်ရောက်နေရ၍ ထိုနေ့ ရုံးချိန်းကို တက် ရောက်ခြင်းမရှိခဲ့ပါ။ ဇန်နဝါရီလ ၆ ရက် နေ့တွင် သူသည် ထပ်မံ၍ ရုံးချိန်းတက်ရောက်ရမည်ဖြစ်သည်။

၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်၊ အီလဲဗင်း
၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်၊ မြန်မာတိုင်း
၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက်၊ မဇ္ဈိမ/မြန်မာ
၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက်၊ အီလဲဗင်း/မြန်မာ

၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက်၊ အီလဲဗင်း
၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်၊ 7 Day Daily/မြန်မာ
၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက်၊ မြန်မာတိုင်း
၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၁၅ ရက်၊ မဇ္ဈိမ/မြန်မာ
၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၁၅ ရက်၊ The Voice/မြန်မာ
၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၁၅ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၁၅ ရက်၊ ဧရာဝတီ/မြန်မာ
၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၁၅ ရက်၊ အီလဲဗင်း/မြန်မာ
၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၁၆ ရက်၊ မဇ္ဈိမ
၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၁၆ ရက်၊ မြန်မာတိုင်း
၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၁၆ ရက်၊ 7 Day Daily/မြန်မာ
၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၃ ရက်၊ မြန်မာတိုင်း
၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၇ ရက်၊ ဒီဗွီဘီ
၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၇ ရက်၊ ဒီဗွီဘီ/မြန်မာ
၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၇ ရက်၊ ဗွီအိုအေ/မြန်မာ
၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၇ ရက်၊ ဧရာဝတီ/မြန်မာ
၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၇ ရက်၊ မဇ္ဈိမ/မြန်မာ
၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်၊ အီလဲဗင်း/မြန်မာ
၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်၊ ဘီဘီစီ/မြန်မာ
၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်၊ အီလဲဗင်း
၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်၊ 7 Day Daily/မြန်မာ

## ▪ ထောင်မှလွတ်မြောက်မှုများ

**မစန္ဒီမြင့်အောင် အာမခံဖြင့် ပြန်လည်လွတ်မြောက်**

ပဲခူးမြို့တွင်နေထိုင်သူ မစန္ဒီမြင့်အောင်သည် နိုင်ငံတော် အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား လူမှုကွန်ရက် စာမျက်နှာတွင် စော်ကား ရေးသားခဲ့ခြင်းအတွက် ဆက်သွယ်ရေး ဥပဒေ၊ ပုဒ်မ ၆၆/ဃ ဖြင့် နိုဝင်ဘာလ ၂၉ ရက်နေ့တွင် ဖမ်းဆီး ခံခဲ့ရသည်။ ပဲခူးမြို့တွင် နေထိုင်သူ မလင်းလဲ့လဲ့လှိုင်မှ သူမအား အမှုဖွင့်ခဲ့ခြင်းဖြစ်သည်။ နိုဝင်ဘာလ ၃၀ ရက်နေ့တွင် သူမအား ရုံးထုတ် ရမန်ယူခဲ့ပြီး ဒီဇင်ဘာလ ၇ ရက်နေ့တွင် သူမသည် ထပ်မံ၍ ရုံးချိန်း တက်ရောက်ခဲ့သည်။ ဒီဇင်ဘာလ ၂၆ ရက်နေ့တွင် ပဲခူးမြို့နယ်တရားရုံး၌ သူမသည် အာမခံဖြင့် လွတ်မြောက် ခဲ့သည်။

၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်၊ ဧရာဝတီ
၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၆ ရက်၊ အီလဲဗင်း
၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၆ ရက်၊ အီလဲဗင်း/မြန်မာ

**ပြစ်ဒဏ်စေ့သဖြင့် တက်ကြွလှုပ်ရှားသူတစ်ဦး လွတ်မြောက်**

ဒီဇင်ဘာလ ၂၁ ရက်နေ့တွင် ထောင်ဒဏ်လေးနှစ်ချမှတ်ခံထား ရသော မြောက်ဦးမြို့ နယ်မှ တက်ကြွလှုပ်ရှားသူ ကိုခိုင်နေမင်း သည် စစ်တွေထောင်မှ ပြန်လည် လွတ်မြောက်လာခဲ့သည်။ ၂၀၁၂ ခုနှစ်က သူသည် တိုင်းရင်းသားအဖွဲ့အစည်းများ နှင့်ပူးပေါင်းပြီး ဆန္ဒပြတော င်းဆိုမှုများပြုလုပ်နေချိန်ဖြစ်သည်။ ထိုနောက်ပိုင်းတွင် သူသည် ရန်ကုန်မြို့ရှိ တည်းခို ခန်းတစ်ခုတွင် တည်းခိုနေစဉ် လက်နက်များ လက်ဝယ်တွေ့ရှိ သည်ဟု စွပ်စွဲခံခဲ့ ရကာ ဖမ်းဆီးခံခဲ့ရသည်။ သူဖမ်းဆီးခံရချိန်တွင် သူ့အား အပေါ် သို့မော့ကြည့်စေခဲ့ပြီး သူမျက်စိပြန်ဖွင့်သောအခါ လက်နက်များ သည် သူ၏ ရှေ့သို့ရောက်ရှိနေခဲ့သည်။ ကိုခိုင်နေမင်းမှ သူသ ည် မည် သည့် လက်နက်မျှ ပိုင်ဆိုင်ြ ခင်းမရှိပါဟု ပြောကြားခဲ့ သည်။
၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်၊ မဇ္ဈိမ/မြန်မာ

**USDP လွှတ်တော်အမတ်ဟောင်းတစ်ဦး တရားစွဲဆိုထားသည့် အမျိုးသမီးတစ်ဦး အာမခံဖြင့် လွတ်မြောက်**

လူမှုကွန်ရက် စာမျက်နှာတွင် လွှတ်တော် အမတ်ဟောင်းတစ်ဦး အား ဂုဏ်သိက္ခာညှိုးနွမ်းအောင်ရေးသားခဲ့ြ ခင်းအတွက် ဆက် သွယ်ရေး ဥပဒေ ၊ ပုဒ်မ ၆၆(ဃ) ဖြင့် တရားစွဲဆိုခံထားရသော မကွေးတိုင်း၊ ဂန့်ဂေါမြို့နယ်၊ မင်းရွာမှ စေတနာ့ ဝန်ထမ်း တစ်ဦးဖြစ်သူ မဇင်မာအောင်သည် ဒီဇင်ဘာလ ၁၉ ရက်နေ့တွင် အာမခံဖြင့် ပြန်လည်လွတ်မြောက် လာခဲ့သည်။ ဒီဇင်ဘာလ ၁၇ ရက်နေ့တွင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၏ လွှတ်တော် ကိုယ်စားလှယ်ဟောင်း တစ်ဦးဖြစ်သူ ဦးလှရွှေမှ သူမအားဆက်သွယ် ရေး ဥပဒေ၊ ပုဒ်မ ၆၆(ဃ) ဖြင့် ထုံးဘိုမြို့ နယ်ရဲစခန်း၌ အမှုဖွင့်ခဲ့ပြီးနောက် ၆ နပြည်တော် ရဲစခန်းမှ သူမ အား မေးမြန်း၊ စစ်ဆေးခဲ့ သည်။ ဦးလှဆွေမှ သူ၏ လူမှုကွန်ရက် စာမျက်နှာတွင် မင်းရွာနှင့် အနီးတဝိုက်ရှိ ရွာတချို့တွင် စုန်း အတတ် တဖက်ကမ်းခတ်သူများ ရှိသည်ဟု ရေးသားခဲ့သည်။ ထို့ကြောင့် မဇင်မာကြည်မှ ဦးလှဆွေအား သူမ၏ လူမှုကွန်ရက် စာမျက်နှာမှတစ်ဆင့် ပြန်လည် တုံ့ပြန် ရေးသားခဲ့သည့်အတွက် ဒီဇင်ဘာလ ၁၈ ရက်နေ့တွင် ဖမ်းဆီးခံခဲ့ရခြင်းဖြစ်သည်။
၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်၊ ဧရာဝတီ
၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်၊ The Voice/မြန်မာ
၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်၊ ဧရာဝတီ/မြန်မာ

**TNLA မှ RCSS အဖွဲ့ဝင်များဟု သံသယရှိသော ရွာသား ၁၁ ဦးအား လွှတ်ပေး**

တအာင်းအမျိုးသား လွတ်မြောက်ရေးတပ်မတော် (TNLA) နှင့် ရှမ်းပြည်နယ် တပ်မတော် (တောင်ပိုင်း) (SSA-S) တို့ကြား တိုက်ပွဲများဖြစ်ပွားပြီးနောက် နိုဝင်ဘာလ ၂၀ ရက်နေ့တွင် ထိန်းသိမ်းခံခဲ့ရသော ရှမ်းပြည်နယ်မြောက်ပိုင်း၊ ကျောက်မဲမြို့ နယ်မှ မိုင်းတက်ရွာသား ၁၁ ဦးအား ဒီဇင်ဘာလ ၁၂ ရက်နေ့ တွင် တအာင်း လွတ်မြောက်ရေး တပ်မတော် (TNLA) မှ လွှတ် ပေးခဲ့သည်။ ထိုထိန်းသိမ်းခံထားရသူများသည် ရှမ်းပြည်နယ် ပြန်လည် ထူထောင်ရေး ကောင်စီ (RCSS) ၏ ပြည်သူ့စစ်အဖွဲ့ ဝင်များဟု စွပ်စွဲခံခဲ့ရသည်။

ဒီဇင်ဘာလ ၁၂ ရက်နေ့ ၎င်းတို့လွတ်မြောက်မှုနှင့် ပတ်သက်၍ ၎င်းတို့သည် RCSS နှင့် မဆက်သွယ်ရန်နှင့် တအာင်းလူမျိုးများ အားရန်မပြုရန် ခံဝန်လက်မှတ်ရေးထိုးခဲ့ရသည်။ လွတ်မြောက် လာသူများမှ ၎င်းတို့ ထိန်းသိမ်းခံထားရစဉ်တွင်း ရိုက်နက်ခြင်း ခံခဲ့ရသည်ဟု ပြောကြားခဲ့သည်။ ရှမ်းလူမျိုးလေးဦးနှင့် ပလောင် လူမျိုးလေးဦးပါဝင်သော ရှမ်း-တအာင်းလူမျိုး ပဋိပက္ခ လျှော့ချ ရေးအဖွဲ့မှ ထိုရွာသားများ လွတ်မြောက်ရေးအတွက် ဒီဇင်ဘာလ ၄ ရက်နေ့တွင် ထိန်းသိမ်းရေးစခန်းသို့ သွားရောက်ခဲ့ကာ ညှိနှိုင်းမှုများ စတင်ပြုလုပ်ခဲ့သည်။ ရွာသားတစ်ဦးမှာမူ ထိန်းသိမ်း ခံထားရဆဲဖြစ်သည်။ ထိုရွာသား လွတ်မြောက်ရေးအတွက် ထိုအဖွဲ့သည် ထိန်းသိမ်းရေးစခန်းသို့ နောက်တစ်ကြိမ် သွား ရောက်၍ ညှိနှိုင်းမည်ဖြစ်သည်။

၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၁၃ ရက်၊ ဧရာဝတီ

၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၁၃ ရက်၊ ဒီဗွီဘီ/မြန်မာ

၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၁၄ ရက်၊ ဒီဗွီဘီ

၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၁၅ ရက်၊ မြန်မာတိုင်း/မြန်မာ

၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၁၆ ရက်၊ မြန်မာတိုင်း

## ပုသိမ် NLD ဒုဥက္ကဋ္ဌ အာမခံရ၊ တခြားအမျိုးသားနှစ်ဦးအပြစ်မရှိ၍ ပြန်လည်လွတ်မြောက်

ဆက်သွယ်ရေး ဥပဒေပုဒ်မ ၆၆(ဃ) ဖြင့် ဖမ်းဆီးခြင်းခံခဲ့ရသော ပုသိမ်မြို့နယ်၊ အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ် (NLD) ဒုဥက္ကဋ္ဌ ဦးဆန်းရွှေသည် ကျန်းမာရေး ကောင်းမွန်ခြင်းမရှိသည့်အတွက် ဒီဇင်ဘာလ ၉ ရက်နေ့တွင် ပုသိမ်မြို့နယ် တရားရုံးမှ သူ့အား အာမခံပေးခဲ့သည်။ နိုဝင်ဘာလ ၂၃ ရက်နေ့တွင် ဆင်မကျေးရွာ အုပ်ချုပ်ရေးမှူး ဦးအောင်ကိုလွင်မှ ဦးဆန်းရွှေအပါအဝင် ဆင်မ ကျေးရွာအုပ်စု NLD ပါတီဥက္ကဋ္ဌ ဦးမြင့်နိုင်နှင့် ဒုဥက္ကဋ္ဌ ဦးလွင်ဦး တို့အား အမှုဖွင့်တိုင်ကြားခဲ့သည်။ နိုဝင်ဘာလ ၂၄ ရက်နေ့တွင် ဦးဆန်းရွှေ ဖမ်းဆီးခံခဲ့ရပြီး နိုဝင်ဘာလ ၂၆ ရက် နေ့တွင် ဦးအောင်ကိုလွင်နှင့် ဦးဆန်းရွှေတို့ ဖမ်းဆီးခံခဲ့ရသည်။ ဦးဆန်းရွှေသည် ဦးအောင်ကိုလွင်အား လူမှုကွန်ရက် စာမျက်နှာ (Facebook) တွင် အသရေဖျက်ခဲ့သည်ဟု စွပ်စွဲခံခဲ့ရသည်။ ဦးဆန်းရွှေ မှ ဆင်မကျေးရွာအုပ်ချုပ်ရေးမှူးက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်၏ တူဖြစ်သူဟု ပြောကြားကာ ဆင်မ ကျေးရွာရှိ အရက်ပုန်းဆိုင်များအား အရက်ဆီများကို မယူမနေရ လိုက်လံ ဖြန့်ဖြူးနေ၍ စုံစမ်းစစ်ဆေးပေးပါရန် ရေးသားခဲ့သည်။

ဦးမြင့်နိုင်နှင့် ဦး လွင်ဦးတို့သည် ပုဒ်မ ၆၆ (ဃ)အား ငြိစွန်း ခြင်းမရှိသဖြင့် ရဲအချုပ်မှ ဒီဇင် ဘာလ ၉ ရက်နေ့တွင် ပြန် လည် လွတ်မြောက်လာခဲ့သည်။ ဦးဆန်းရွှေ မှ သူ၏ ပထမအကြိမ် ရုံးချိန်းတွင် အာမခံရရှိ၍ ဂမ်းသာမှုရှိသော်လည်း ၆၆(ဃ) ဖြင့် စွပ်စွဲခံထားရသော အခြားသူများအတွက် စိတ်မကောင်း ဖြစ်မိ ကြောင်း၊ ၎င်းအနေဖြင့် ဥပဒေအား လေးစားလိုက်နာသဖြင့် ဆက်လက်ရင်ဆိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်၊ 7 Day Daily/မြန်မာ
၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်၊ အီလဲဗင်း

## ဆက်သွယ်ရေးဥပဒေ ပုဒ်မ ၆၆/ဃ ဖြင့် ထိန်းသိမ်းခံထားရသော သတင်းထောက်တစ်ဦး အာမခံရ

နေပြည်တော် အခြေစိုက် သတင်းထောက်တစ်ဦးဖြစ်သူ ဦးမောင်မောင်ထွန်းသည် ဆက်သွယ်ရေးဥပဒေ၊ ပုဒ်မ ၆၆(ဃ) ဖြင့် နိုဝင်ဘာလတွင်း၌ ဖမ်းဆီးခံခဲ့ရပြီးနောက် ဒီဇင်ဘာလ ၅ ရက်နေ့တွင် အာမခံဖြင့် ပြန်လည် လွတ်မြောက်လာခဲ့သည်။ သူသည် အစိုးရပိုင် ကြေးမုံသတင်းစာ၏ အလွတ်တန်း သတင်း ထောက်တစ်ဦးဖြစ်သူ ဦးဇော်မင်းအောင်အား အယ်ဒီတာ ပေးစာ ကဏ္ဍနှင့် လူမှုကွန်ရက်စာမျက်နှာတွင် ဝေဖန်ရေးသား ခဲ့သည် ဟု စွပ်စွဲခံခဲ့ရသည်။ ဩဂုတ်လ ၁၇ ရက်နေ့တွင် ဦးဇော် မင်းအောင်မှ သူ့အား အမှုဖွင့်ခဲ့ပြီး နိုဝင်ဘာလ ၂၉ ရက်နေ့တွင် သူသည် ဖမ်းဆီးခံခဲ့ရသည်။ သူသည် ဦးဇော်မင်းအောင် ရေး သားခဲ့သော နေပြည်တော် မြို့မဈေးကြီး ရက်တစ်ရာ စီမံကိန်း ဆောင်းပါးကို ဝေဖန်ခဲ့ပြီး ဦးဇော်မင်းအား သတင်းအမှားများကို အယ်ဒီတာထံသို့ ပေးပို့ပြီး မီဒီယာထက် တွင် လိမ်ညာတံ့သူဟု ခေါ်ဆို စွပ်စွဲခဲ့သည်။

သူ၏ကျန်းမာရေးအခြေအနေ ကောင်းမွန်ခြင်းမရှိသည့်အတွက် ဒီဇင်ဘာလ ၅ ရက်နေ့တွင် ကြားဖြတ် အာမခံရရှိခဲ့သည်။ ဒီဇင်ဘာလ ၁၃ ရက်နေ့တွင် သူသည် ထပ်မံ၍ ရုံးချိန်း တက်ရောက်ရမည်ဖြစ်သည်။

၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်၊ မြန်မာတိုင်း
၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၆ ရက်၊ အီလဲဗင်း
၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၆ ရက်၊ ဒီဗွီဘီ/မြန်မာ

# ဥပဒေပြုရေးနှင့် မူဝါဒရေးဆိုင်ရာ တိုးတက်မှုများ

**ပုဒ်မ ၆၆(ဃ)အား ပြင်ဆင် ဖြည့်စွက်ရန် ပြည်ထောင်စု လွှတ်တော်သို့ တင်ပြထား**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌဟောင်း သူရ ဦးရွှေမန်းဦးဆောင်သော ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်မှ ဆက်သွယ်ရေး ဥပဒေ၊ ပုဒ်မ ၆၆(ဃ)အား ပြင်ဆင်သည့် ဥပဒေကြမ်းတစ်ရပ်အား ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်း ခဲ့သည်။ ပြင်ဆင်ဖြည့်စွက်ရန် လိုအပ်လျက်ရှိသော တည်ဆဲဥပဒေများအား ပြ ပင်ဆင်ဖြည့်စွက်ရမည်မှာ ကော်မရှင်၏ တာဝန်ဖြစ်ပြီး လွှတ်တော်မှ လိုအပ်ပါက ကော်မရှင်က သင့်တော်သော အကြံပြုချက်များပေးမည်ဖြစ်သည်။ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် ကော်မရှင်နှင့် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီတို့ တွေ့ဆုံပွဲ၌ သူရ ဦးရွှေမန်းမှ ပုဒ်မ ၆၆(ဃ)အား ပြင်ဆင်ခဲ့သ ည်ကို ကြေငြာခဲ့ပြီး ကော်မရှင်မှ မီဒီယာများကို ဖိနှိ ပ်သည့် မည်သည့်ဥပဒေကိုမဆို ပြင်ဆင်ရန် သဘောတူသည်ဟုလည်း ပြောကြားခဲ့သည်။ ပြင်ဆင်ဖြည့်စွက်ချက်များကို ပြည်သူလူထုများထံသို့ ထုတ်ဝေခြင်းမပြုမီ လွှတ်တော်မှ အတည်ပြုရမည်ဖြစ်သည်ဟုလည်း ပြောကြားခဲ့သည်။

၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်၊ မဇ္ဈိမ/မြန်မာ

၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်၊ မြန်မာတိုင်း/မြန်မာ

၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်၊ အီလဲဗင်း/မြန်မာ

၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၉ ရက်၊ ရောဝတီ/မြန်မာ

၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၉ ရက်၊ အီလဲဗင်း

၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၉ ရက်၊ ဒီဗွီဘီ

# အဖွဲ့အစည်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ

**အကျဉ်းဦးစီးဌာန၏ အ ဆင့်မြင့်အရာရှိများအား လူ့အခွင့်အရေး သင်တန်း စတင်ပေး**

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်ရေး ကော်မရှင် (MNHRC) နှင့် အကျဉ်းဦးစီးဌာနတို့ ပူးပေါင်းကာ အကျဉ်းဝန်ထမ်း အရာရှိ တစ်ရာကို လူ့အခွင့်အရေး ဆိုင်ရာ အလုပ်ရုံ သင်တန်းများပို့ ချပေးသည့် အစီအစဉ်ကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ သည်။ ဒီဇင်ဘာလ ၁၀ ရက်နေ့၊ အပြည်ပြည်ဆိုင်ရာ လူ့အခွင့် အရေးနေ့၌ MNHRC က ကြေညာချက်တစ်စောင်ထုတ်ပြန်ခဲ့ပြီး ၂၀၁၆ ခုနှစ် ဇန်နဝါရီ လ ၁ ရက်နေ့မှ လက်ရှိ အချိန်အထိ လူ့အခွင့်အရေး ချိုးဖောက်မှုကြောင့် တိုင်ကြားလာသည့် တိုင်ကြားစာပေါင်း ၄၉၅ စောင်ကို ‌ေ ကာ်မရှင်မှ လက်ခံရရှိခဲ့ သည်ဟု ဖော်ပြထားသည်။ အကျဉ်းဦးစီးဌာနတွင် တာဝန် ထမ်း ဆောင်လျက်ရှိကြသည့် အကျဉ်းထောင် အရာရှိများ လူ့ အခွင့် အရေးဆိုင်ရာ အသိပညာ ဗဟုသုတများ တိုးပွားလာစေရန်နှင့် အကျဉ်းသားများ၏ ကျန်းမာရေး၊ နေထိုင်စား သောက်မှုပုံစံများ ကို အကျဉ်းဦးစီးဌာနဝန်ထမ်းများက ကောင်းစွာ သိရှိနားလည်ပြီး အကျဉ်းထောင် ဝန်ထမ်းများနှင့် အကျဉ်းသားများကြား ကောင်း မွန်သည့် ဆက်ဆံရေး တိုးမြင့်လာစေရန် ရည်ရွယ်၍ သင်တန်း ပေးရခြင်းဖြစ်သည်။ ရန်ကုန်မြို့ရှိ အင်းစိန် ဝန်ထမ်း လေ့ကျင့် ရေးသင်တန်းကျောင်းတွင် ဒီဇင်ဘာလ ၁၂ ရက်နေ့နှင့် ၁၃ ရက်နေ့၌ အရာရှိ ငါးဆယ်အား သင်တန်း စတင် ပေးခဲ့သည်ဟု ပြည်ထဲဝန်ကြီးဌာန၊ အကျဉ်းဦးစီးဌာန (နေပြည်တော်) ဒုတိယ ညွှန်ကြားရေးမှူး ဦးမင်းထွန်းစိုးမှ ပြောကြားခဲ့သည်။ ဒီဇင်ဘာလ ၁၅ ရက်နေ့နှင့် ၁၆ ရက်နေ့တွင် မန္တလေးမြို့၌ တခြား အဆင့်မြင့်အရာရှိ ငါးဆယ်အား သင်တန်း ပို့ချပေး မည်ဖြစ်သည်။ မြန်မာ နိုင်ငံတဝှမ်းလုံးရှိ အကျဉ်းထောင်များမှ အဆင့်မြင့် အရာရှိများကို ပထမဆုံး စတင် သင်တန်းပေးခြင်း ဖြစ်ပြီး ၎င်းတို့ မှတဆင့် လက်အောက်က ဝန်ထမ်းများကို ပြန်လည်ပို့ချပေးသွားမည်ဖြစ်သည်ဟုလည်း ပြောကြားခဲ့သည်။

၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၁၃ ရက်၊ မြန်မာတိုင်း
၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၁၃ ရက်၊ မြန်မာတိုင်း/မြန်မာ
၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၁၃ ရက်၊ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်/မြန်မာ
၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၁၄ ရက်၊ မြန်မာတိုင်း

# အရေးပါသည့် ဆက်စပ်သတင်းများဖတ်ရန် Links

ဒီဇင်ဘာလ ၁ ရက်

နိုင်ငံတော် အတိုင်ပင်ခံပုဂ္ဂိုလ်အား
အသရေဖျက်ခြင်းအတွက်
ဆက်သွယ်ရေးဥပဒေဖြင့် မစန္ဒီမြင့်အောင်
တရားရင်ဆိုင်နေရ၊ ဧရာဝတီ

အီလဲဗင်း မီဒီယာဂရု၏ အမှုဆောင်
အရာရှိချုပ်နှင့် အယ်ဒီတာချုပ်တို့ အာမခံ
ငြင်းပယ်ခံရ၊ အီလဲဗင်း

အီလဲဗင်း မီဒီယာဂရု၏ အမှုဆောင်
အရာရှိချုပ်နှင့် အယ်ဒီတာချုပ်တို့ အာမခံ
ငြင်းပယ်ခံရ၊ မြန်မာတိုင်း

ဆက်သွယ်ရေးဥပဒေ ၆၆/ဃ ဖြင့်
ထိန်းသိမ်းခံထားရသော
သတင်းထောက်တစ်ဦး အာမခံရ၊
မြန်မာတိုင်း

ဒီဇင်ဘာလ ၅ ရက်

လားရှိုးရှိ အထူး စုံစမ်း၊ စစ်ဆေးရေးရဲများမှ
တအာင်းအရပ်သား လေးဦးအား ဖမ်းဆီး၊
ဧရာဝတီ

ဒီဇင်ဘာလ ၆ ရက်

ဆက်သွယ်ရေးဥပဒေ ၆၆/ဃ ဖြင့်
ထိန်းသိမ်းခံထားရသော
သတင်းထောက်တစ်ဦး အာမခံရ၊ အီလဲဗင်း

ဆက်သွယ်ရေးဥပဒေ ၆၆/ဃ ဖြင့်
ထိန်းသိမ်းခံထားရသော
သတင်းထောက်တစ်ဦး အာမခံရ၊
ဒီဗွီဘီ/မြန်မာ

ဒီဇင်ဘာလ ၉ ရက်

အီလဲဗင်း မီဒီယာဂရု၏ အမှုဆောင်
အရာရှိချုပ်နှင့် အယ်ဒီတာချုပ်တို့ အာမခံ
ငြင်းပယ်ခံရ၊ လွတ်လပ်သော
အာရှအသံ/မြန်မာ

အီလဲဗင်း မီဒီယာဂရု၏ အမှုဆောင်
အရာရှိချုပ်နှင့် အယ်ဒီတာချုပ်တို့ အာမခံ
ငြင်းပယ်ခံရ၊ မဇ္ဈိမ/မြန်မာ

အီလဲဗင်း မီဒီယာဂရု၏ အမှုဆောင်
အရာရှိချုပ်နှင့် အယ်ဒီတာချုပ်တို့ အာမခံ
ငြင်းပယ်ခံရ၊ အီလဲဗင်း/မြန်မာ

အီလဲဗင်း မီဒီယာဂရု၏ အမှုဆောင်
အရာရှိချုပ်နှင့် အယ်ဒီတာချုပ်တို့ အာမခံ
ငြင်းပယ်ခံရ၊ အီလဲဗင်း

ဒီဇင်ဘာလ ၁၀ ရက်

အီလဲဗင်း မီဒီယာဂရု၏ အမှုဆောင်
အရာရှိချုပ်နှင့် အယ်ဒီတာချုပ်တို့ အာမခံ
ငြင်းပယ်ခံရ၊ 7 Day Daily/မြန်မာ

ပုသိမ် NLD ဒုဥက္ကဋ္ဌ အာမခံရ၊
တခြားအမျိုးသားနှစ်ဦးအားအပြစ်မရှိ၍
ပြန်လွှတ်ပေး၊ 7 Day Daily/မြန်မာ

ပုသိမ် NLD ဒုဥက္ကဋ္ဌ အာမခံရ၊
တခြားအမျိုးသားနှစ်ဦးအားအပြစ်မရှိ၍
ပြန်လွှတ်ပေး၊ အီလဲဗင်း

ဒီဇင်ဘာလ ၁၂ ရက်

အီလဲဗင်း မီဒီယာဂရု၏ အမှုဆောင်
အရာရှိချုပ်နှင့် အယ်ဒီတာချုပ်တို့ အာမခံ
ငြင်းပယ်ခံရ၊ မြန်မာတိုင်း

ဒီဇင်ဘာလ ၁၃ ရက်

အကျဉ်းဦးစီးဌာန၏
အဆင့်မြင့်အရာရှိများအား
လူ့အခွင့်အရေးသင်တန်းစတင်ပေး၊
မြန်မာတိုင်း

အကျဉ်းဦးစီးဌာန၏
အဆင့်မြင့်အရာရှိများအား
လူ့အခွင့်အရေးသင်တန်းစတင်ပေး၊
မြန်မာတိုင်း/မြန်မာ

အကျဉ်းဦးစီးဌာန၏
အဆင့်မြင့်အရာရှိများအား
လူ့အခွင့်အရေးသင်တန်းစတင်ပေး၊
မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး
ကော်မရှင်/မြန်မာ

TNLA မှ RCSS အဖွဲ့ဝင်များဟု
သံသယရှိသော ရွာသား ၁၁ ဦးအား
လွှတ်ပေး၊ ဧရာဝတီ

TNLA မှ RCSS အဖွဲ့ဝင်များဟု
သံသယရှိသော ရွာသား ၁၁ ဦးအား
လွှတ်ပေး၊ ဒီဗွီဘီ/မြန်မာ

ဒီဇင်ဘာလ ၁၄ ရက်

အကျဉ်းဦးစီးဌာန၏
အဆင့်မြင့်အရာရှိများအား
လူ့အခွင့်အရေးသင်တန်းစတင်ပေး၊
မြန်မာတိုင်း

TNLA မှ RCSS အဖွဲ့ဝင်များဟု
သံသယရှိသော ရွာသား ၁၁ ဦးအား
လွှတ်ပေး၊ ဒီဗွီဘီ

ငဖော လူမှုကွန်ရက်စာမျက်နှာအားသုံးစွဲသူ
ဆက်သွယ်ရေး ဥပဒေ ၆၆(ဃ) ဖြင့်
စွဲချက်တင်ခံရ၊ အီလဲဗင်း/မြန်မာ

ဒီဇင်ဘာလ ၁၅ ရက်

NLD လုပ်ငန်းတာဝန်ခံ ကိုငြိမ်းချမ်းကို
ဆက်သွယ်ရေး ဥပဒေပုဒ်မ ၆၆(ဃ) ဖြင့်
ဖမ်းဆီး၊ အီလဲဗင်း/မြန်မာ

အီလဲဗင်း မီဒီယာဂရု၏ အမှုဆောင်
အရာရှိချုပ်နှင့် အယ်ဒီတာချုပ်တို့ အာမခံ
ငြင်းပယ်ခံရ၊ မဇ္ဈိမ/မြန်မာ

အီလဲဗင်း မီဒီယာဂရု၏ အမှုဆောင်
အရာရှိချုပ်နှင့် အယ်ဒီတာချုပ်တို့ အာမခံ
ငြင်းပယ်ခံရ၊ The Voice/မြန်မာ

အီလဲဗင်း မီဒီယာဂရု၏ အမှုဆောင်
အရာရှိချုပ်နှင့် အယ်ဒီတာချုပ်တို့ အာမခံ
ငြင်းပယ်ခံရ၊ လွတ်လပ်သော
အာရှအသံ/မြန်မာ

အီလဲဗင်း မီဒီယာဂရု၏ အမှုဆောင်
အရာရှိချုပ်နှင့် အယ်ဒီတာချုပ်တို့ အာမခံ
ငြင်းပယ်ခံရ၊ ဧရာဝတီ/မြန်မာ

အီလဲဗင်း မီဒီယာဂရုဏ် အမှုဆောင် အရာရှိချုပ်နှင် အယ်ဒီတာချုပ်တို့ အာမခံ ငြင်းပယ်ခံရ၊ အီလဲဗင်း/မြန်မာ

TNLA မှ RCSS အဖွဲ့ဝင်များဟု သံသယရှိသော ရွာသား ၁၁ ဦးအား လွှတ်ပေး၊ မြန်မာတိုင်း/မြန်မာ

## ဒီဇင်ဘာလ ၁၆ ရက်

NLD လူငယ်တာဝန်ခံ ကိုငြိမ်းချမ်းကို ဆက်သွယ်ရေး ဥပဒေပုဒ်မ ၆၆(ဃ) ဖြင့် ဖမ်းဆီး၊ ဒီဗွီဘီ/မြန်မာ

NLD လူငယ်တာဝန်ခံ ကိုငြိမ်းချမ်းကို ဆက်သွယ်ရေး ဥပဒေပုဒ်မ ၆၆(ဃ) ဖြင့် ဖမ်းဆီး၊ ဘီဘီစီ/မြန်မာ

NLD လူငယ်တာဝန်ခံ ကိုငြိမ်းချမ်းကို ဆက်သွယ်ရေး ဥပဒေပုဒ်မ ၆၆(ဃ) ဖြင့် ဖမ်းဆီး၊ ဒီဗွီဘီ

အီလဲဗင်း မီဒီယာဂရုဏ် အမှုဆောင် အရာရှိချုပ်နှင် အယ်ဒီတာချုပ်တို့ အာမခံ ငြင်းပယ်ခံရ၊ မဇ္ဈိမ

အီလဲဗင်း မီဒီယာဂရုဏ် အမှုဆောင် အရာရှိချုပ်နှင် အယ်ဒီတာချုပ်တို့ အာမခံ ငြင်းပယ်ခံရ၊ မြန်မာတိုင်း

အီလဲဗင်း မီဒီယာဂရုဏ် အမှုဆောင် အရာရှိချုပ်နှင် အယ်ဒီတာချုပ်တို့ အာမခံ ငြင်းပယ်ခံရ၊ 7 Day Daily/မြန်မာ

TNLA မှ RCSS အဖွဲ့ဝင်များဟု သံသယရှိသော ရွာသား ၁၁ ဦးအား လွှတ်ပေး၊ မြန်မာတိုင်း

## ဒီဇင်ဘာလ ၂၀ ရက်

USDP လွှတ်တော်အမတ်ဟောင်းတစ်ဦး တရားစွဲဆိုထားသော ယောနယ်မှ မင်းရွာသူ အမျိုးသမီးတစ်ဦး အာမခံဖြင့် လွတ်မြောက်၊ The Voice/မြန်မာ

USDP လွှတ်တော်အမတ်ဟောင်းတစ်ဦး တရားစွဲဆိုထားသော ယောနယ်မှ မင်းရွာသူ အမျိုးသမီးတစ်ဦး အာမခံဖြင့် လွတ်မြောက်၊ ဧရာဝတီ

ရှမ်းပြည်နယ်မြောက်ပိုင်းတွင် ရွာသားများ ဖမ်းဆီးခံရ၊ BNI/မြန်မာ

အမျိုးသားလေးဦး ထောင်ဒဏ် တစ်သက်တစ်ကျွန်း ချမှတ်ခံရ ဘီဘီစီ/မြန်မာ

## ဒီဇင်ဘာလ ၂၁ ရက်

USDP လွှတ်တော်အမတ်ဟောင်းတစ်ဦး တရားစွဲဆိုထားသော ယောနယ်မှ မင်းရွာသူ အမျိုးသမီးတစ်ဦး အာမခံဖြင့် လွတ်မြောက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ

USDP လွှတ်တော်အမတ်ဟောင်းတစ်ဦး တရားစွဲဆိုထားသော ယောနယ်မှ မင်းရွာသူ အမျိုးသမီးတစ်ဦး အာမခံဖြင့် လွတ်မြောက်၊ ဧရာဝတီ/မြန်မာ

ပြစ်ဒဏ်စေ့သဖြင့် တက်ကြွလှုပ်ရှားသူ တစ်ဦးလွတ်မြောက်၊ မဇ္ဈိမ/မြန်မာ

## ဒီဇင်ဘာလ ၂၂ ရက်

အီလဲဗင်း မီဒီယာဂရုဏ် အမှုဆောင် အရာရှိချုပ်နှင် အယ်ဒီတာချုပ်တို့ အာမခံ ငြင်းပယ်ခံရ၊ မဇ္ဈိမ/မြန်မာ

အီလဲဗင်း မီဒီယာဂရုဏ် အမှုဆောင် အရာရှိချုပ်နှင် အယ်ဒီတာချုပ်တို့ အာမခံ ငြင်းပယ်ခံရ၊ ဧရာဝတီ/မြန်မာ

လယ်ယာမြေအငြင်းပွားမှုနှင့်ပတ်သက်၍ လယ်သမား ၇၂ ဦး ထောင်ဒဏ် ချမှတ်ခံရ၊ ဒီဗွီဘီ/မြန်မာ

လယ်ယာမြေအငြင်းပွားမှုနှင့်ပတ်သက်၍ လယ်သမား ၇၂ ဦး ထောင်ဒဏ် ချမှတ်ခံရ၊ The Voice/မြန်မာ

လယ်ယာမြေအငြင်းပွားမှုနှင့်ပတ်သက်၍ လယ်သမား ၇၂ ဦး ထောင်ဒဏ် ချမှတ်ခံရ၊ 7 Day Daily/မြန်မာ

လယ်ယာမြေအငြင်းပွားမှုနှင့်ပတ်သက်၍ လယ်သမား ၇၂ ဦး ထောင်ဒဏ် ချမှတ်ခံရ၊ အီလဲဗင်း/မြန်မာ

လယ်ယာမြေအငြင်းပွားမှုနှင့်ပတ်သက်၍ လယ်သမား ၇၂ ဦး ထောင်ဒဏ် ချမှတ်ခံရ၊ သစ်ထူးလွင်/မြန်မာ

လယ်ယာမြေအငြင်းပွားမှုနှင့်ပတ်သက်၍ လယ်သမား ၇၂ ဦး ထောင်ဒဏ် ချမှတ်ခံရ၊ ဗွီအိုအေ/မြန်မာ

အမျိုးသားလေးဦး ထောင်ဒဏ် တစ်သက်တစ်ကျွန်း ချမှတ်ခံရ၊ ဘီဘီစီ/မြန်မာ

အမျိုးသားလေးဦး ထောင်ဒဏ် တစ်သက်တစ်ကျွန်း ချမှတ်ခံရ၊ The Voice/မြန်မာ

အမျိုးသားလေးဦး ထောင်ဒဏ် တစ်သက်တစ်ကျွန်း ချမှတ်ခံရ၊ သစ်ထူးလွင်/မြန်မာ

ရက္ခိုင့်တပ်မတော် အဖွဲ့ဝင်တစ်ဦး ပြစ်ဒဏ် ငါးနှစ် ချမှတ်ခံရ၊ သစ်ထူးလွင်/မြန်မာ

ရက္ခိုင့်တပ်မတော် အဖွဲ့ဝင်တစ်ဦး ပြစ်ဒဏ် ငါးနှစ် ချမှတ်ခံရ၊ သစ်ထူးလွင်/မြန်မာ

## ဒီဇင်ဘာလ ၂၃ ရက်

လယ်ယာမြေအငြင်းပွားမှုနှင့်ပတ်သက်၍ လယ်သမား ၇၂ ဦး ထောင်ဒဏ် ချမှတ်ခံရ၊ လွတ်လပ်သော အာရှအသံ/မြန်မာ

လယ်ယာမြေအငြင်းပွားမှုနှင့်ပတ်သက်၍ လယ်သမား ၇၂ ဦး ထောင်ဒဏ် ချမှတ်ခံရ၊ ဧရာဝတီ/မြန်မာ

လယ်ယာမြေအငြင်းပွားမှုနှင့်ပတ်သက်၍ လယ်သမား ၇၂ ဦး ထောင်ဒဏ် ချမှတ်ခံရ၊ ဧရာဝတီ

လယ်ယာမြေအငြင်းပွားမှုနှင့်ပတ်သက်၍ လယ်သမား ၇၂ ဦး ထောင်ဒဏ် ချမှတ်ခံရ၊ ဒီဗွီဘီ

လယ်ယာမြေအငြင်းပွားမှုနှင့်ပတ်သက်၍ လယ်သမား ၇၂ ဦး ထောင်ဒဏ် ချမှတ်ခံရ၊ အီလဲဗင်း

ပိုင်နက်ကျူးလွန်ခြင်းအတွက် လယ်သမား ဒဏ်ငွေချမှတ်ခံရ၊ လွတ်လပ်သော အာရှအသံ/မြန်မာ

အီလဲဗင်း မီဒီယာဂရုဏ် အမှုဆောင် အရာရှိချုပ်နှင် အယ်ဒီတာချုပ်တို့ အာမခံ ငြင်းပယ်ခံရ၊ မြန်မာတိုင်း

## ဒီဇင်ဘာလ ၂၆ ရက်

ခရိုင်တရားရုံးမှ ဦးမျိုးရန်နောင်သိမ်း၏ အာမခံလျှောက်ထားမှုအားပယ်ချ၊ မဇ္ဈိမ/မြန်မာ

ခရိုင်တရားရုံးမှ ဦးမျိုးရန်နောင်သိမ်း၏ အာမခံလျှောက်ထားမှုအားပယ်ချ၊ ဧရာဝတီ/မြန်မာ

နိုင်ငံတော် အတိုင်ပင်ခံပုဂ္ဂိုလ်အား အသရေဖျက်ခြင်းအတွက် ဆက်သွယ်ရေးဥပဒေဖြင့် မစန္ဒီမြင့်အောင် တရားရင်ဆိုင်နေရ၊ ဧရာဝတီ

နိုင်ငံတော် အတိုင်ပင်ခံပုဂ္ဂိုလ်အား အသရေဖျက်ခြင်းအတွက် ဆက်သွယ်ရေးဥပဒေဖြင့် မစန္ဒီမြင့်အောင် တရားရင်ဆိုင်နေရ၊ ဧရာဝတီ/မြန်မာ

## ဒီဇင်ဘာလ ၂၇ ရက်

ဧရာဝတီ မီဒီယာဂရုဏ်၏ အမှုဆောင် အရာရှိချုပ်နှင့် အယ်ဒီတာချုပ်တို့ အာမခံ ငြင်းပယ်ခံရ၊ ဒီဗွီဘီ

ဧရာဝတီ မီဒီယာဂရုဏ်၏ အမှုဆောင် အရာရှိချုပ်နှင့် အယ်ဒီတာချုပ်တို့ အာမခံ ငြင်းပယ်ခံရ၊ ဒီဗွီဘီ/မြန်မာ

ဧရာဝတီ မီဒီယာဂရုဏ်၏ အမှုဆောင် အရာရှိချုပ်နှင့် အယ်ဒီတာချုပ်တို့ အာမခံ ငြင်းပယ်ခံရ၊ ဗွီအိုအေ/မြန်မာ

ဧရာဝတီ မီဒီယာဂရုဏ်၏ အမှုဆောင် အရာရှိချုပ်နှင့် အယ်ဒီတာချုပ်တို့ အာမခံ ငြင်းပယ်ခံရ၊ ဧရာဝတီ/မြန်မာ

ဧရာဝတီ မီဒီယာဂရုဏ်၏ အမှုဆောင် အရာရှိချုပ်နှင့် အယ်ဒီတာချုပ်တို့ အာမခံ ငြင်းပယ်ခံရ၊ မဇ္ဈိမ/မြန်မာ

ခရိုင်တရားရုံးမှ ဦးမျိုးရန်နောင်သိမ်း၏ အာမခံလျှောက်ထားမှုအားပယ်ချ၊ ဧရာဝတီ

## ဒီဇင်ဘာလ ၂၈ ရက်

အသရေဖျက်ခြင်းအတွက် နိုင်ငံ့ဝန်ထမ်းတစ်ဦး ထောင်ဒဏ် ခြောက်လ ချမှတ်ခံရ မဇ္ဈိမ/မြန်မာ

ဧရာဝတီ မီဒီယာဂရုဏ်၏ အမှုဆောင် အရာရှိချုပ်နှင့် အယ်ဒီတာချုပ်တို့ အာမခံ ငြင်းပယ်ခံရ၊ ဧရာဝတီ/မြန်မာ

ABSDF အဖွဲ့ဝင်တစ်ဦးအား စစ်တပ်မှ ဖမ်းဆီး၊ ဗွီအိုအေ/မြန်မာ

ခရိုင်တရားရုံးမှ ဦးမျိုးရန်နောင်သိမ်း၏ အာမခံလျှောက်ထားမှုအားပယ်ချ၊ 7 Day Daily/မြန်မာ

ပုဒ်မ ၆၆(ဃ)အား ပြင်ဆင် ဖြည့်စွက်ရန် ပြည်ထောင်စုလွှတ်တော်သို့တင်ပြထား၊ မဇ္ဈိမ/မြန်မာ

ပုဒ်မ ၆၆(ဃ)အား ပြင်ဆင် ဖြည့်စွက်ရန် ပြည်ထောင်စုလွှတ်တော်သို့တင်ပြထား၊ မြန်မာတိုင်း/မြန်မာ

ပုဒ်မ ၆၆(ဃ)အား ပြင်ဆင် ဖြည့်စွက်ရန် ပြည်ထောင်စုလွှတ်တော်သို့တင်ပြထား၊ ဧရာဝတီ/မြန်မာ

## ဒီဇင်ဘာလ ၂၉ ရက်

ABSDF အဖွဲ့ဝင်တစ်ဦးအား စစ်တပ်မှ ဖမ်းဆီး၊ ဒီဗွီဘီ/မြန်မာ

ABSDF အဖွဲ့ဝင်တစ်ဦးအား စစ်တပ်မှ ဖမ်းဆီး၊ မဇ္ဈိမ/မြန်မာ

ပုဒ်မ ၆၆(ဃ)အား ပြင်ဆင် ဖြည့်စွက်ရန် ပြည်ထောင်စုလွှတ်တော်သို့တင်ပြထား၊ ရောဝတီ/မြန်မာ

ပုဒ်မ ၆၆(ဃ)အား ပြင်ဆင် ဖြည့်စွက်ရန် ပြည်ထောင်စုလွှတ်တော်သို့တင်ပြထား၊ ရောဝတီ/မြန်မာ

ပုဒ်မ ၆၆(ဃ)အား ပြင်ဆင် ဖြည့်စွက်ရန် ပြည်ထောင်စုလွှတ်တော်သို့တင်ပြထား၊ ဧရာဝတီ

ပုဒ်မ ၆၆(ဃ)အား ပြင်ဆင် ဖြည့်စွက်ရန် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြထား၊ ဒီဗွီဘီ

## ဒီဇင်ဘာလ ၃၀ ရက်

အသရေဖျက်ခြင်းအတွက် နိုင်ငံ့ဝန်ထမ်းတစ်ဦး ထောင်ဒဏ် ခြောက်လ ချမှတ်ခံရ၊ မဇ္ဈိမ

ဧရာဝတီ မီဒီယာဂရုဏ်၏ အမှုဆောင် အရာရှိချုပ်နှင့် အယ်ဒီတာချုပ်တို့ အာမခံ ငြင်းပယ်ခံရ၊ ဘီဘီစီ/မြန်မာ

ABSDF အဖွဲ့ဝင်တစ်ဦးအား စစ်တပ်မှ ဖမ်းဆီး၊ ရောဝတီ

## ဒီဇင်ဘာလ ၃၁ ရက်

ဧရာဝတီ မီဒီယာဂရုဏ်၏ အမှုဆောင် အရာရှိချုပ်နှင့် အယ်ဒီတာချုပ်တို့ အာမခံ ငြင်းပယ်ခံရ၊ ဧရာဝတီ

ဧရာဝတီ မီဒီယာဂရုဏ်၏ အမှုဆောင် အရာရှိချုပ်နှင့် အယ်ဒီတာချုပ်တို့ အာမခံ ငြင်းပယ်ခံရ၊ 7 Day Daily/မြန်မာ

ABSDF အဖွဲ့ဝင်တစ်ဦးအား စစ်တပ်မှ ဖမ်းဆီး၊ လွတ်လပ်သော အာရှအသံ/မြန်မာ

ABSDF အဖွဲ့ဝင်တစ်ဦးအား စစ်တပ်မှ ဖမ်းဆီး၊ ဗွီအိုအေ/မြန်မာ

ဆက်သွယ်မေးမြန်းရန်

နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း

တိတ်နိုင် အတွင်းရေးမှူး +၆၆(၀) ၈၁ ၂၈၇၈ ၇၅၁

ဘိုကြည် တွဲဘက်အတွင်းရေးမှူး +၆၆(၀) ၈၁ ၉၆၂ ၈၇၁

ဦးအောင်မျိုးကျော် ရန်ကုန်ရုံးတာဝန်ခံ +၉၅(၀) ၄၂၈၁၁၇၃၄၈